# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

## ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်
## တိုင်းဒေသကြီး/ပြည်နယ်များ၏
## ဒုတိယ(၃)လပတ် (ဇန်နဝါရီလမှမတ်လအထိ)
## ဘဏ္ဍာငွေအရအသုံးဆိုင်ရာ အစီရင်ခံစာ
## (In Year Report)

ရက်စွဲ။ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ

## ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်

## ဒုတိယ (၃) လပတ် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ အစီရင်ခံစာ (In Year Report)

၁။ တိုင်းဒေသကြီး/ ပြည်နယ်များ အဆင့်ဌာနအဖွဲ့အစည်းများ၏ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်း၊ ဒုတိယ (၃)လပတ် လျာထားချက်အပေါ် ယာယီရငွေ၊ သုံးငွေနှင့် လုပ်ငန်း အကောင်အထည်ဖော်နိုင်မှု အခြေအနေမှာ အောက်ပါအတိုင်းဖြစ်သည်-

(ကျပ်သန်းပေါင်း)

| စဉ် | အကြောင်းအရာ | ၂၀၁၈-၂၀၁၉ ခုဘဏ္ဍာရေးနှစ် ဒုတိယ (၃) လပတ် | | |
|---|---|---|---|---|
| | | လျာထားချက် | အကောင်အထည်ဖော်နိုင်မှု | အကောင်အထည်ဖော်နိုင်မှု ရာခိုင်နှုန်း |
| (က) | ရငွေ | ၃၂၄,၆၂၆.၀၈၇ | ၃၂၄,၉၂၀.၇၈၈ | ၁၀၀.၀၉% |
| | သာမန် | ၂၇၅,၀၇၃.၅၈၉ | ၂၈၅,၉၅၆.၃၆၄ | ၁၀၃.၉၆% |
| | ငွေလုံးငွေရင်း | ၁၉,၅၉၉.၀၃၇ | ၁၄,၃၀၀.၄၈၉ | ၇၂.၉၇% |
| | ကြွေးမြီ | ၂၉,၉၅၃.၄၆၁ | ၂၄,၆၆၃.၉၃၅ | ၈၂.၃၄% |
| (ခ) | သုံးငွေ | ၆၉၇,၄၂၄.၀၈၇ | ၆၄၂,၈၄၂.၀၇၀ | ၉၂.၁၇% |
| | သာမန် | ၂၄၈,၆၉၉.၉၀၈ | ၂၄၄,၅၀၁.၄၈၀ | ၉၈.၃၁% |
| | ငွေလုံးငွေရင်း | ၄၄၈,၇၂၄.၁၇၉ | ၃၉၈,၃၄၀.၅၉၀ | ၈၈.၇၇% |
| | ကြွေးမြီ | - | - | |
| (ဂ) | ပိုငွေ(+)/လိုငွေ(-) | (-) ၃၇၂,၇၉၈.၀၀၀ | (-) ၃၁၇,၉၂၁.၂၈၂ | |

၂။ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ (၃) လပတ် (ဇန်နဝါရီလမှ မတ်လအထိ) တိုင်းဒေသကြီး/ ပြည်နယ်များ၏ ယာယီရငွေသုံးငွေများကို နောက်ဆက်တွဲ (က) ဖြင့်လည်းကောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်များ၏ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ (၃) လပတ်အတွက် လျာထားချက်အပေါ် အကောင်အထည်ဖော်နိုင်မှု အခြေအနေကို နောက်ဆက်တွဲ (ခ) ဖြင့်လည်းကောင်း ဖော်ပြအပ်ပါသည်။

နောက်ဆက်တွဲ(က)

## ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ (၃) လပတ် (ဇန်နဝါရီလမှ မတ်လအထိ)

## တိုင်းဒေသကြီး/ပြည်နယ်များ၏ ယာယီရငွေ၊ သုံးငွေစာရင်း

## (စာရင်းချုပ်)

(ကျပ်သန်းပေါင်း)

| စဉ် | တိုင်းဒေသကြီး /ပြည်နယ် | ဒုတိယ(၃) လပတ်အတွက် လျာထားချက် | | | ဒုတိယ(၃) လပတ် အတွက် ယာယီစာရင်း | | | ဒုတိယ(၃) လပတ် အတွက် လျာထားချက် အပေါ်အကောင်အထည် ဖော်နိုင်မှု % | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ ရရှိမှု ရာခိုင်နှုန်း | သုံးငွေ သုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၁ | ကချင်ပြည်နယ် | ၄,၉၈၅.၉၉၄ | ၂၄,၆၉၆.၉၂၆ | -၁၉,၇၁၀.၉၃၂ | ၆,၁၃၀.၆၇၆ | ၂၁,၄၀၈.၇၆၁ | -၁၅,၂၇၈.၀၈၅ | ၁၂၂.၉၆% | ၈၆.၆၉% |
| ၂ | ကယားပြည်နယ် | ၁,၅၀၅.၅၃၆ | ၁၆,၅၅၃.၂၉၉ | -၁၅,၀၄၇.၇၆၃ | ၁,၅၅၉.၇၃၆ | ၁၄,၄၃၉.၀၁၂ | -၁၂,၈၇၉.၂၇၆ | ၁၀၃.၆၀% | ၈၇.၂၃% |
| ၃ | ကရင်ပြည်နယ် | ၂,၅၀၄.၄၇၉ | ၂၀,၃၉၉.၁၁၃ | -၁၇,၈၉၄.၆၃၄ | ၂,၅၃၈.၅၈၀ | ၂၀,၄၁၂.၉၆၀ | -၁၇,၈၇၄.၃၈၀ | ၁၀၁.၃၆% | ၁၀၀.၀၇% |
| ၄ | ချင်းပြည်နယ် | ၇၀,၇၉၄.၂၁၂ | ၅၆,၀၄၅.၇၉၇ | +၁၄,၇၄၈.၄၁၅ | ၇၁,၀၁၆.၅၇၄ | ၅၅,၄၅၆.၆၀၆ | +၁၅,၅၅၉.၉၆၈ | ၁၀၀.၃၁% | ၉၈.၉၅% |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၂,၀၄၇.၆၃၀ | ၇၄,၅၁၂.၇၄၂ | -၆၂,၄၆၅.၁၁၂ | ၁၂,၀၃၈.၅၂၂ | ၄၀,၃၁၂.၇၆၀ | -၂၈,၂၇၄.၂၃၈ | ၉၉.၉၂% | ၅၄.၁၀% |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၃,၅၆၈.၆၈၉ | ၄၆,၂၇၆.၇၀၁ | -၄၂,၇၀၈.၀၁၂ | ၃,၉၈၆.၉၃၉ | ၄၆,၁၉၇.၈၁၈ | -၄၂,၂၁၀.၈၇၉ | ၁၁၁.၇၂% | ၉၉.၈၃% |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၉,၂၃၀.၇၃၉ | ၃၆,၂၄၃.၀၇၉ | -၂၇,၀၁၂.၃၄၀ | ၁၀,၇၅၇.၁၁၉ | ၃၆,၂၄၃.၀၇၉ | -၂၅,၄၈၅.၉၆၀ | ၁၁၆.၅၄% | ၁၀၀.၀၀% |
| ၈ | မကွေးတိုင်းဒေသကြီး | ၇,၆၆၀.၈၉၃ | ၅၄,၁၃၀.၇၇၆ | -၄၆,၄၆၉.၈၈၃ | ၁၂,၀၁၁.၉၅၅ | ၄၀,၀၃၁.၃၃၅ | -၂၈,၀၁၉.၃၈၀ | ၁၅၆.၈၀% | ၇၃.၉၅% |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၄၆,၅၉၀.၅၃၇ | ၅၄,၉၁၄.၃၅၇ | -၈,၃၆၃.၈၂၀ | ၃၇,၇၇၄.၈၅၉ | ၅၄,၉၁၁.၈၀၇ | -၁၇,၁၃၆.၉၄၈ | ၈၁.၀၈% | ၉၉.၉၂% |
| ၁၀ | မွန်ပြည်နယ် | ၅,၆၄၃.၂၉၂ | ၂၀,၀၄၂.၀၇၀ | -၁၄,၃၉၈.၇၇၈ | ၆,၄၂၁.၃၂၆ | ၂၀,၀၄၄.၈၂၁ | -၁၃,၆၂၃.၄၉၅ | ၁၁၃.၇၉% | ၁၀၀.၀၁% |
| ၁၁ | ရခိုင်ပြည်နယ် | ၅,၉၃၈.၄၆၆ | ၄၄,၄၃၉.၄၂၀ | -၃၈,၅၀၀.၉၅၄ | ၆,၀၃၃.၈၄၇ | ၄၄,၄၃၉.၆၅၃ | -၃၈,၄၀၅.၈၀၆ | ၁၀၁.၆၁% | ၁၀၀.၀၀% |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၁၃၁,၆၅၂.၉၆၃ | ၁၃၅,၅၀၀.၂၃၂ | -၃,၈၄၇.၂၆၉ | ၁၃၂,၀၆၇.၅၈၄ | ၁၃၅,၃၁၃.၈၈၃ | -၃,၂၄၆.၂၉၉ | ၁၀၀.၃၁% | ၉၉.၈၆% |
| ၁၃ | ရှမ်းပြည်နယ် | ၁၅,၀၅၈.၇၂၈ | ၇၈,၃၇၀.၀၉၃ | -၆၃,၃၁၁.၃၆၅ | ၁၅,၅၄၈.၇၂၉ | ၇၈,၃၇၀.၀၉၃ | -၆၂,၈၂၁.၃၆၄ | ၁၀၃.၂၅% | ၁၀၀.၀၀% |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၇,၄၄၃.၉၂၉ | ၃၅,၂၁၉.၄၈၂ | -၂၇,၈၁၅.၅၅၃ | ၇,၀၁၄.၁၄၂ | ၃၅,၂၁၉.၄၈၂ | -၂၈,၂၂၅.၁၄၀ | ၉၄.၅၀% | ၁၀၀.၀၀% |
| | စုစုပေါင်း | ၃၂၄,၆၂၆.၀၈၇ | ၆၉၇,၄၂၄.၀၈၇ | -၃၇၂,၇၉၈.၀၀၀ | ၃၂၄,၉၂၀.၇၈၈ | ၆၄၂,၈၄၂.၀၇၀ | -၃၁၇,၉၂၁.၂၈၂ | ၁၀၀.၀၉% | ၉၂.၁၇% |

## ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ (၃) လပတ် (ဇန်နဝါရီလမှ မတ်လအထိ)

## တိုင်းဒေသကြီး/ပြည်နယ်များ၏ ယာယီရငွေ၊ သုံးငွေစာရင်း

## (သာမန်စာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | တိုင်းဒေသကြီး /ပြည်နယ် | ဒုတိယ(၃) လပတ်အတွက် လျာထားချက် | | | ဒုတိယ(၃) လပတ် အတွက် ယာယီစာရင်း | | | ဒုတိယ(၃) လပတ် အတွက် လျာထားချက် အပေါ်အကောင်အထည် ဖော်နိုင်မှု % | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ ရရှိမှု ရာခိုင်နှုန်း | သုံးငွေ သုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၁ | ကချင်ပြည်နယ် | ၄,၈၇၅.၃၉၄ | ၁၄,၀၆၆.၆၄၂ | -၉,၀၉၁.၂၄၈ | ၆,၁၂၀.၀၇၆ | ၁၁,၂၁၅.၉၉၀ | -၅,၀၉၅.၉၁၄ | ၁၂၃.၀၁% | ၇၉.၇၃% |
| ၂ | ကယားပြည်နယ် | ၁,၅၀၅.၅၃၆ | ၃,၂၁၁.၉၀၀ | -၁,၇၀၆.၃၆၄ | ၁,၄၆၆.၅၃၆ | ၃,၆၄၆.၃၈၂ | -၂,၁၇၉.၈၄၆ | ၉၇.၄၁% | ၁၁၃.၅၃% |
| ၃ | ကရင်ပြည်နယ် | ၂,၅၀၄.၄၇၉ | ၄,၆၆၈.၅၅၃ | -၂,၁၆၄.၀၇၄ | ၂,၅၃၈.၅၈၀ | ၄,၆၈၃.၈၂၀ | -၂,၁၄၅.၂၄၀ | ၁၀၁.၃၆% | ၁၀၀.၃၃% |
| ၄ | ချင်းပြည်နယ် | ၇၀,၇၉၄.၂၁၂ | ၁၁,၁၈၄.၇၇၅ | +၅၉,၆၀၉.၄၃၇ | ၇၁,၀၁၅.၉၂၄ | ၁၁,၀၉၇.၄၀၄ | +၅၉,၉၁၈.၅၂၀ | ၁၀၀.၃၁% | ၉၉.၂၂% |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၂,၀၄၇.၆၃၀ | ၂၄,၆၀၈.၁၀၈ | -၁၂,၅၆၀.၄၇၈ | ၁၂,၀၃၈.၀၁၉ | ၂၁,၂၅၃.၄၁၁ | -၉,၂၁၅.၃၉၂ | ၉၉.၉၂% | ၈၆.၃၇% |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၃,၅၆၈.၆၈၉ | ၁၁,၉၇၂.၅၈၇ | -၈,၄၀၃.၈၉၈ | ၃,၈၉၄.၁၆၄ | ၁၁,၈၉၃.၇၀၄ | -၇,၉၉၉.၅၄၀ | ၁၀၉.၁၂% | ၉၉.၃၄% |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၉,၂၃၀.၇၃၉ | ၁၆,၂၅၇.၂၃၉ | -၇,၀၂၆.၅၀၀ | ၁၀,၇၄၅.၀၃၃ | ၁၆,၂၅၇.၂၃၉ | -၅,၅၁၂.၂၀၆ | ၁၁၆.၄၀% | ၁၀၀.၀၀% |
| ၈ | မကွေးတိုင်းဒေသကြီး | ၇,၆၆၀.၈၉၃ | ၁၉,၅၀၁.၂၃၆ | -၁၁,၈၄၀.၃၄၃ | ၁၂,၀၀၇.၉၇၅ | ၂၁,၄၃၈.၆၁၁ | -၉,၄၃၀.၆၃၆ | ၁၅၆.၇၄% | ၁၀၉.၉၃% |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၃၂,၈၃၁.၂၅၅ | ၃၄,၆၂၁.၃၂၂ | -၁,၇၉၀.၀၆၇ | ၃၅,၀၉၂.၇၈၃ | ၃၄,၆၁၉.၁၃၉ | +၄၇၃.၂၄၄ | ၁၀၆.၈၉% | ၉၉.၉၉% |
| ၁၀ | မွန်ပြည်နယ် | ၅,၆၄၃.၂၉၂ | ၆,၅၈၇.၉၇၇ | -၉၄၄.၆၈၅ | ၆,၃၉၇.၉၇၄ | ၆,၅၉၀.၇၂၈ | -၁၉၂.၇၅၄ | ၁၁၃.၃၇% | ၁၀၀.၀၄% |
| ၁၁ | ရခိုင်ပြည်နယ် | ၅,၉၃၈.၄၆၆ | ၁၄,၀၈၀.၃၀၃ | -၈,၁၄၁.၈၃၇ | ၆,၀၁၃.၂၄၇ | ၁၄,၀၈၀.၅၇၅ | -၈,၀၆၇.၃၂၈ | ၁၀၁.၂၆% | ၁၀၀.၀၀% |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၉၆,၀၁၀.၁၅၇ | ၄၄,၈၃၈.၅၉၇ | +၅၁,၁၇၁.၅၆၀ | ၉၆,၄၁၅.၉၄၂ | ၄၄,၆၂၃.၄၀၈ | +၅၁,၇၉၂.၅၃၄ | ၁၀၀.၄၂% | ၉၉.၅၂% |
| ၁၃ | ရှမ်းပြည်နယ် | ၁၅,၀၅၈.၇၂၈ | ၂၉,၇၇၀.၃၅၄ | -၁၄,၇၁၁.၆၂၆ | ၁၅,၄၆၁.၈၂၆ | ၂၉,၇၇၀.၃၅၄ | -၁၄,၃၀၈.၅၂၈ | ၁၀၂.၆၈% | ၁၀၀.၀၀% |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၇,၃၀၄.၁၁၉ | ၁၃,၃၃၀.၃၁၅ | -၆,၀၂၆.၁၉၆ | ၆,၇၄၈.၂၈၅ | ၁၃,၃၃၀.၃၁၅ | -၆,၅၈၂.၀၃၀ | ၉၂.၃၉% | ၁၀၀.၀၀% |
| | စုစုပေါင်း | ၂၇၅,၀၇၃.၅၈၉ | ၂၄၈,၆၉၉.၉၀၈ | +၂၆,၃၇၃.၆၈၁ | ၂၈၅,၉၅၆.၃၆၄ | ၂၄၄,၅၀၁.၄၈၀ | +၄၁,၄၅၄.၈၈၄ | ၁၀၃.၉၆% | ၉၈.၃၁% |

# ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ (၃) လပတ် (ဇန်နဝါရီလမှ မတ်လအထိ) တိုင်းဒေသကြီး/ပြည်နယ်များ၏ ယာယီရငွေ၊ သုံးငွေစာရင်း

## (ငွေလုံးငွေရင်းစာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | တိုင်းဒေသကြီး /ပြည်နယ် | ဒုတိယ(၃) လပတ်အတွက် လျာထားချက် | | | ဒုတိယ(၃) လပတ် အတွက် ယာယီစာရင်း | | | ဒုတိယ(၃) လပတ် အတွက် လျာထားချက် အပေါ်အကောင်အထည် ဖော်နိုင်မှု % | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ ရရှိမှု ရာခိုင်နှုန်း | သုံးငွေ သုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၁ | ကချင်ပြည်နယ် | ၁၀.၆၀၀ | ၁၀,၆၃၀.၂၈၄ | -၁၀,၆၁၉.၆၈၄ | ၁၀.၆၀၀ | ၁၀,၁၉၂.၇၇၁ | -၁၀,၁၈၂.၁၇၁ | ၁၀၀.၀၀% | ၉၅.၈၈% |
| ၂ | ကယားပြည်နယ် | | ၁၃,၃၄၁.၃၉၉ | -၁၃,၃၄၁.၃၉၉ | ၉၃.၂၀၀ | ၁၀,၇၉၂.၆၃၀ | -၁၀,၆၉၉.၄၃၀ | | ၈၀.၉၀% |
| ၃ | ကရင်ပြည်နယ် | | ၁၅,၇၃၀.၅၆၀ | -၁၅,၇၃၀.၅၆၀ | | ၁၅,၇၂၉.၁၄၀ | -၁၅,၇၂၉.၁၄၀ | | ၉၉.၉၉% |
| ၄ | ချင်းပြည်နယ် | | ၄၄,၈၆၁.၀၂၂ | -၄၄,၈၆၁.၀၂၂ | ၀.၆၅၀ | ၄၄,၃၅၉.၂၀၂ | -၄၄,၃၅၈.၅၅၂ | | ၉၈.၈၈% |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | | ၄၉,၉၀၄.၆၃၄ | -၄၉,၉၀၄.၆၃၄ | ၀.၅၀၃ | ၁၉,၀၅၉.၃၄၉ | -၁၉,၀၅၈.၈၄၆ | | ၃၈.၁၉% |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | | ၃၄,၁၀၄.၁၁၄ | -၃၄,၁၀၄.၁၁၄ | ၆၂.၇၇၅ | ၃၄,၁၀၄.၁၁၄ | -၃၄,၂၁၁.၃၃၉ | | ၁၀၀.၀၀% |
| ၇ | ပဲခူးတိုင်းဒေသကြီး | | ၁၉,၉၈၅.၈၄၀ | -၁၉,၉၈၅.၈၄၀ | ၁၂.၀၈၆ | ၁၉,၉၈၅.၈၄၀ | -၁၉,၉၇၃.၇၅၄ | | ၁၀၀.၀၀% |
| ၈ | မကွေးတိုင်းဒေသကြီး | | ၃၄,၆၂၉.၅၄၀ | -၃၄,၆၂၉.၅၄၀ | ၃.၉၈၀ | ၁၈,၅၉၂.၇၂၄ | -၁၈,၅၈၈.၇၄၄ | | ၅၃.၆၉% |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၇,၈၃၆.၉၇၂ | ၂၀,၃၃၃.၀၃၅ | -၁၂,၄၉၆.၀၆၃ | ၂,၁၉၅.၅၃၉ | ၂၀,၂၉၂.၂၆၈ | -၁၈,၀၉၆.၇၂၉ | ၂၈.၀၂% | ၉၉.၈၀% |
| ၁၀ | မွန်ပြည်နယ် | | ၁၃,၄၅၄.၀၉၃ | -၁၃,၄၅၄.၀၉၃ | ၂၃.၃၅၂ | ၁၃,၄၅၄.၀၉၃ | -၁၃,၄၃၀.၇၄၁ | | ၁၀၀.၀၀% |
| ၁၁ | ရခိုင်ပြည်နယ် | | ၃၀,၃၅၉.၁၁၇ | -၃၀,၃၅၉.၁၁၇ | ၂၀.၆၀၀ | ၃၀,၃၅၉.၀၇၈ | -၃၀,၃၃၈.၄၇၈ | | ၁၀၀.၀၀% |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၁၁,၇၆၇.၇၇၄ | ၉၀,၆၆၁.၆၃၅ | -၇၈,၉၁၃.၈၆၁ | ၁၁,၇၅၆.၆၁၀ | ၉၀,၆၉၀.၄၇၅ | -၇၈,၉၃၃.၈၆၅ | ၁၀၀.၀၈% | ၁၀၀.၀၃% |
| ၁၃ | ရှမ်းပြည်နယ် | | ၄၈,၅၉၉.၇၃၉ | -၄၈,၅၉၉.၇၃၉ | ၈၆.၉၀၃ | ၄၈,၅၉၉.၇၃၉ | -၄၈,၅၁၂.၈၃၆ | | ၁၀၀.၀၀% |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၃.၆၉၁ | ၂၁,၉၂၉.၁၆၇ | -၂၁,၉၂၅.၄၇၆ | ၃.၆၉၁ | ၂၁,၉၂၉.၁၆၇ | -၂၁,၉၂၅.၄၇၆ | ၁၀၀.၀၀% | ၁၀၀.၀၀% |
| | စုစုပေါင်း | ၁၉,၅၉၉.၀၃၇ | ၄၄၈,၇၂၄.၁၇၉ | -၄၂၉,၁၂၅.၁၄၂ | ၁၄,၃၀၀.၄၈၉ | ၃၉၈,၃၅၀.၅၉၀ | -၃၈၄,၀၅၀.၁၀၁ | ၇၂.၉၇% | ၈၈.၇၇% |

## ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ (၃) လပတ် (ဇန်နဝါရီလမှ မတ်လအထိ)
## တိုင်းဒေသကြီး/ပြည်နယ်များ၏ ယာယီရငွေ၊ သုံးငွေစာရင်း
## (ကြွေးမြီစာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | တိုင်းဒေသကြီး /ပြည်နယ် | ဒုတိယ(၃) လပတ်အတွက် လျာထားချက် | | | ဒုတိယ(၃) လပတ် အတွက် ယာယီစာရင်း | | | ဒုတိယ(၃) လပတ် အတွက် လျာထားချက် အပေါ်အကောင်အထည် ဖော်နိုင်မှု % | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ ရရှိမှု ရာခိုင်နှုန်း | သုံးငွေ သုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၁ | ကချင်ပြည်နယ် | | | | | | | | |
| ၂ | ကယားပြည်နယ် | | | | | | | | |
| ၃ | ကရင်ပြည်နယ် | | | | | | | | |
| ၄ | ချင်းပြည်နယ် | | | | | | | | |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | | | | | | | | |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | | | | | | | | |
| ၇ | ပဲခူးတိုင်းဒေသကြီး | | | | | | | | |
| ၈ | မကွေးတိုင်းဒေသကြီး | | | | | | | | |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၅,၉၂၂.၃၁၀ | | +၅,၉၂၂.၃၁၀ | ၄၈၆.၅၃၇ | | +၄၈၆.၅၃၇ | ၈.၂၂% | |
| ၁၀ | မွန်ပြည်နယ် | | | | | | | | |
| ၁၁ | ရခိုင်ပြည်နယ် | | | | | | | | |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၂၃,၈၉၅.၀၃၂ | | +၂၃,၈၉၅.၀၃၂ | ၂၃,၈၉၅.၀၃၂ | | +၂၃,၈၉၅.၀၃၂ | ၁၀၀.၀၀% | |
| ၁၃ | ရှမ်းပြည်နယ် | | | | | | | | |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၁၃၆.၁၁၉ | | +၁၃၆.၁၁၉ | ၂၈၂.၃၆၆ | | +၂၈၂.၃၆၆ | ၂၀၇.၄၄% | |
| | စုစုပေါင်း | ၂၉,၉၅၃.၄၆၁ | | +၂၉,၉၅၃.၄၆၁ | ၂၄,၆၆၃.၉၃၅ | | +၂၄,၆၆၃.၉၃၅ | ၈၂.၃၄% | |

တိုင်းဒေသကြီး/ ပြည်နယ်များ၏ ၂၀၁၈-၂၀၁၉ ခု ၊ ဘဏ္ဍာရေးနှစ် ဒုတိယ (၃) လပတ်အတွက် လျာထားချက်အပေါ် အကောင်အထည်ဖော်နိုင်မှု အခြေအနေအား သုံးသပ်တင်ပြချက်

ရငွေ

၁။ ၂၀၁၈-၂၀၁၉ ခု ၊ ဘဏ္ဍာရေးနှစ် ဒုတိယ (၃) လပတ်တွင် တိုင်းဒေသကြီး/ ပြည်နယ် (၁၄) ခု၏ စုစုပေါင်းရငွေကို ကျပ် ၃၂၄,၆၂၆.၀၈၇ သန်း လျာထားခဲ့ရာ အကောင်အထည်ဖော်နိုင်မှုမှာ ကျပ် ၃၂၄,၈၂၀.၇၈၈ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်းအားဖြင့် ၁၀၀.၀၉ ဖြစ်ပါသည်။ လျာထားချက်ထက် ပိုမိုရရှိခြင်းမှာ အောက်ပါတို့ကြောင့်ဖြစ်ပါသည် -

(က) သာမန်ရငွေ။ လျာထား ကျပ် ၂၇၅,၀၇၃.၅၈၉ သန်း၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၂၈၅,၉၅၆.၃၆၄ သန်း၊ အကောင်အထည်ဖော်နိုင်မှုရာခိုင်နှုန်း ၁၀၃.၉၆ ဖြစ်ပါ သည်။ လျာထားချက်ထက်ပိုမို ရရှိခြင်းမှာ -

(၁) ကချင်ပြည်နယ် ။ လျာထား ကျပ် ၄,၉၇၅.၃၉၄ သန်း၊ အကောင်အထည် ဖော်နိုင်မှု ကျပ် ၆,၁၂၀.၀၇၆ သန်း၊ အကောင်အထည်ဖော်နိုင်မှုရာခိုင်နှုန်း ၁၂၃.၀၁ ဖြစ်ပါသည်။ ပြည်နယ်အစိုးရအဖွဲ့ရုံးတွင် တင်ဒါလျှောက်လွှာရောင်းချရငွေ ၊ ဆိုင်ကယ်စီမံချက်ရငွေနှင့်ဒဏ်ကြေးရငွေများ၊ လျှပ်စစ်ခတ်အားခရငွေ၊ စာရင်းစစ်ကန့်ကွက်ချက်ရငွေ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် အခွန်များ စနစ်တကျကောက်ခံခြင်း၊ ဌာနပိုင်ဆိုင်ခန်းငှားရမ်းခများ တိုးမြှင့်ရရှိခြင်း၊ မီးသတ်ဦးစီးဌာနတွင် အထပ်မြင့်အဆောက်အဦများ ဆောက်လုပ်မှုအပေါ် စစ်ဆေးခြင်းအတွက် ဝန်ဆောင်ခများပိုမိုရရှိခြင်း၊ စိုက်ပျိုးရေးဦးစီးဌာနတွင် ဆိုင်ခန်းငှားရမ်းခများတိုးမြှင့်သတ်မှတ်ခြင်း၊ စာရင်းစစ်ကန့်ကွက်ငွေများ၊ ဓါတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ လိုင်စင်ကြေးနှင့် သက်တမ်းတိုးမြှင့်ခြင်းများ၊ သစ်တောဦးစီးဌာနတွင် အခွန်ရငွေ၊ လေလံပုံစံရောင်းချရငွေ နှင့် ပုံစံ (၈) ဝင် ဖမ်းဆီးဆက်စပ်ပစ္စည်းများ လေလံတင်ရောင်းချခြင်း၊ လျှပ်စစ်ခတ်အားဖြန့်ဖြူးရေးလုပ်ငန်းတွင် Limit Tender ပြန်လည်ခေါ်ယူခြင်းနှင့် ကုမ္ပဏီများမှ နောက်ကျဒဏ်ကြေးပေးသွင်းငွေများ ရရှိခဲ့ခြင်း၊ လမ်းဦးစီးဌာနတွင် လမ်း / တံတားလုပ်ငန်းတင်ဒါပုံစံ ရောင်းရငွေများနှင့် ဒဏ်ကြေးရငွေများရရှိခြင်း တို့ကြောင့် လျာထားချက်ထက် ပိုမိုရရှိခဲ့ခြင်း ဖြစ်ပါသည်။

(၂) <u>ပဲခူးတိုင်းဒေသကြီး။</u> လျာထား ကျပ် ၉,၂၃၀.၇၃၉သန်း၊ အကောင်အထည် ဖော်နိုင်မှု ကျပ် ၁၀,၇၄၅.၀၃၃ သန်း၊ အကောင်အထည်ဖော်နိုင်မှုရာခိုင်နှုန်း ၁၁၆.၄၀ ဖြစ်ပါသည်။အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင်အခွန်များပိုမိုကောက်ခံ ရရှိခြင်း၊ ငှားရမ်းခရငွေ၊ အထွေထွေရငွေ၊ ဒဏ်ကြေးငွေများ၊ ပိုင်ရှင်မဲ့ဖမ်းဆီး ဆိုင်ကယ်များ ရောင်းရငွေများနှင့်ပိုပေးမိငွေမှ ပြန်ရငွေများကြောင့် ပိုမိုရရှိခြင်း၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနတွင် စာရင်းစစ်ကန့်ကွက်ချက်အရ ပြန်လည် ပေးသွင်းငွေများကြောင့်ပိုမိုရရှိခြင်း၊ မီးသတ်ဦးစီးဌာနတွင် စက်ရုံ၊ အလုပ်ရုံနှင့် အထပ်မြင့် အဆောက်အဦများ မီးဘေးလုံခြုံရေးစစ်ဆေးသည့် အကြိမ်အရေ အတွက် လျာထားချက်များပြားသဖြင့် ဆောင်ရွက်ပေးမှုရငွေများ ပိုမိုရရှိခြင်း၊ စိုက်ပျိုးရေးဦးစီးဌာနတွင်မျိုးစေ့သန့်စင်ခြင်းလုပ်ငန်းမှရငွေပိုမိုရရှိခြင်း၊မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတွင် ကာကွယ်ဆေးထိုးပြီးကြောင်းနှင့် တိရစ္ဆာန်များကျန်းမာ ကြောင်း ထောက်ခံချက်လက်မှတ်ထုတ်ပေးခြင်း၊ မွေးမြူရေးခြံ မှတ်ပုံတင်ခြင်း ၊ အများပြည်သူစားသုံးရန်သတ်ဖြတ်မည့် တိရိစ္ဆာန်ကျန်းမာရေး စစ်ဆေးခြင်းတို့မှ ယခင်နှစ်ထက်ဈေးနှုန်းများ တိုးမြှင့်ကောက်ခံခြင်းတို့ကြောင့် ပိုမိုရရှိခြင်း ၊ အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနတွင် လုပ်ငန်းမှတ်ပုံတင်ကြေးများ၊ မှတ်ပုံတင်လျှောက်လွှာများ ရောင်းချရငွေနှင့် ဒဏ်ကြေးရငွေများ ပိုမိုရရှိခြင်း၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းတွင် တင်ဒါလျှောက်လွှာရောင်းရငွေများ ပိုမိုရရှိခြင်းနှင့် စာရင်းစစ်ကန့်ကွက်ချက်အရ ပြန်လည်ပေးသွင်းငွေများကြောင့် ပိုမိုရရှိခြင်း၊ အားကစားနှင့်ကာယပညာဦးစီးဌာနတွင် ဆိုင်ခန်းငှားရမ်းခများ၊ တည်ဆောက်ရေးလုပ်ငန်းများအတွက် ရက်ကျော်ဒဏ်ကြေးများ၊ တင်ဒါ လျှောက်လွှာရောင်းချရငွေများနှင့် ပိုပေးမိငွေမှပြန်ရငွေများ ပိုမိုရရှိခြင်းနှင့် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနတွင် ပြည်သူ့အငှားအိမ်ရာများမှ ဒဏ်ကြေးများ ရရှိခြင်း စသည်တို့ကြောင့် လျာထားချက်ထက် ပိုမိုရရှိခြင်းဖြစ်ပါသည်။

(၃) <u>မကွေးတိုင်းဒေသကြီး။</u> လျာထား ကျပ် ၇,၆၆၀.၈၉၃ သန်း၊ အကောင်အထည် ဖော်နိုင်မှု ကျပ် ၁၂,၀၀၇.၉၇၅ သန်း၊ အကောင်အထည်ဖော်နိုင်မှုရာခိုင်နှုန်း ၁၅၆.၇၄ ဖြစ်ပါသည်။ သစ်တောဦးစီးဌာနနှင့် စည်ပင်သာယာရေးအဖွဲ့ တို့တွင် အခွန်အကောက်ရငွေများ ပိုမိုရရှိခြင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့သည် ရေနံစိမ်းခွန်၊ ပြည်ထောင်စုမှထောက်ပံ့သည့်အခွန်ဝေစု၊အပိုတံဆိပ်ခေါင်းခွန်၊ ရေနံ

သယ်ဆောင်ခရငွေနှင့် တိရစ္ဆာန်သယ်ဆောင်ခရငွေများပိုမိုရရှိခြင်း၊ တိုင်းဒေသကြီး လွှတ်တော်၊ ဥပဒေရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း၊ အားကစားနှင့်ကာယပညာဦးစီးဌာန ၊ အပူပိုင်းဒေသ စိမ်းလန်း စိုပြည်ရေးဦးစီးဌာနနှင့် စီမံကိန်းရေးဆွဲရေးဦးစီးဌာနတို့တွင် လေလံရောင်းချ ရငွေ များ၊ တင်ဒါလျှောက်လွှာရောင်းရငွေများ၊ စာရင်းစစ်မှတ်ချက်အရ ပြန်သွင်း ငွေများ၊ ဆိုင်ခန်းငှားရမ်းခရငွေများ၊ လစာပိုထုတ်မိငွေများ ပြန်သွင်းခြင်းတို့ကြောင့် ပိုမိုရရှိခြင်း၊ တိုင်းဒေသကြီးတရားရုံးတွင် အမှုတွဲခန်းလက်ငင်းရငွေနှင့် မော်တော်ယာဉ်ဒဏ်ကြေးရငွေများ ၊အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနတွင် ဝန်ထမ်း အိမ်ရာငှားရမ်းခ များရရှိခြင်း၊ စိုက်ပျိုးရေးဦးစီးဌာနတွင် ပိုးသတ်ဆေးလိုင်စင်ကြေး၊ ဓာတ်မြေဩဇာ လိုင်စင်ကြေး၊ ဆိုင်ခန်းငှားရမ်းခများ၊ ငါးလုပ်ငန်းဦးစီးဌာနတွင် ငါးသားပေါက်နှင့် ဘဏ္ဍာသိမ်းပစ္စည်းရောင်းချခြင်းများပိုမိုရရှိခြင်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတွင် တိရစ္ဆာန်ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးဥပဒေအရ ဆောင်ရွက်မှု ရငွေနှုန်းများ ပြင်ဆင်သတ်မှတ်ခြင်းကြောင့်ပိုမိုရရှိခြင်း၊ အသေးစား စက်မှုလက်မှု လုပ်ငန်းဦးစီးဌာနတွင် ဓာတ်ခွဲစမ်းသပ်ခြင်းလုပ်ငန်းများ တိုးလာသောကြောင့် ပိုမိုရရှိခြင်း၊ သစ်တောဦးစီးဌာနတွင် မျောစာခွန်၊ သစ်တောမှု ၊ လျော်ကြေး၊ သစ်စက် လိုင်စင်ကြေးများပိုမိုရရှိခြင်းနှင့်မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနတွင် နိုင်ငံ့ဝန်ထမ်း အငှားအိမ်ရာများမှငှားရမ်းခများ ပိုမိုရရှိခြင်း စသည်တို့ကြောင့် လျာထားချက်ထက် ပိုမိုရရှိခြင်းဖြစ်ပါသည်။

(၄) <u>မွန်ပြည်နယ်။</u> လျာထား ကျပ် ၅,၆၄၃.၂၈၂ သန်း၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၆,၃၉၇.၉၇၄ သန်း၊ အကောင်အထည်ဖော်နိုင်မှုရာခိုင်နှုန်း ၁၁၃.၃၇ ဖြစ်ပါသည်။ ပြည်နယ်အစိုးရအဖွဲ့ရုံးတွင် ဆည်မြောင်းမှ ရေခွန်များပိုမိုရရှိခြင်း၊ တင်ဒါလျှောက်လွှာရောင်းချရငွေ၊ ရေစုပ်စက်ငှားရမ်းခရငွေ၊ ပြည်နယ်လွှတ်တော် ရုံးတွင် ပိုထုတ်ငွေများပြန်သွင်းခြင်း၊ တင်ဒါလျှောက်လွှာရောင်းချရငွေ၊ ဥပဒေ စာအုပ်များနှင့် လွှတ်တော်ဂျာနယ်ရောင်းချရငွေများ ပိုမိုရရှိခြင်း၊ တရားလွှတ်တော် ရုံးတွင် မိတ္တူကူးခရငွေ၊ ဒဏ်ကြေးရငွေများ၊ အချိန်လွန်တရားရုံးအပ်ငွေတို့မှ ပိုမိုရရှိခြင်း၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနတွင် အိမ်ငှားခရငွေနှင့် တင်ဒါလျှောက်လွှာ ရောင်းရငွေတို့မှရရှိခြင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် တင်ဒါလျှောက်လွှာနှင့်လေလံလျှောက်လွှာကြေးများ ၊ အဆောက်အဦငှားရမ်းခများ၊

ပွဲခွင့်ပြုမိန့်မှ ရငွေများ၊ မြေခွန်အဆ(၂၀) နှင့် ကြိုတင်မြေငှားခွန်မှ ရရှိငွေများ၊ ဘိလိယက်ခုံ လိုင်စင်ကြေးများ၊ ဒဏ်ငွေများ၊ ဘဏ္ဍာငွေအဖြစ်သိမ်းယူခြင်းမှ ရရှိငွေများ၊ ပိုပေးမိသည့်ငွေမှ ပြန်ရငွေများ ၊ သစ်တောဦးစီးဌာနတွင် ကျောက်ထုတ်လုပ်မှု၌ ကျောက်ကျင်းအလိုက်ရငွေများ၊ ဆင်မှတ်ပုံတင် သက်တမ်းတိုးခြင်းမှရငွေများ၊ သစ်စက် လိုင်စင်အသစ်ခွင့်ပြုခြင်းနှင့် သက်တမ်းတိုးခြင်းမှ ရငွေများ၊ အရောင်းဆိုင်ခွင့်ပြုမိန့် အသစ်ခွင့်ပြုခြင်းနှင့် သက်တမ်းတိုးခြင်းမှ ရငွေများ၊လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းတွင် ၂၀၁၇-၂၀၁၈ ခု၊ဘဏ္ဍာရေးနှစ် လုပ်ငန်းများအတွက် စာရင်းစစ်မှတ်ချက်အရ သွင်းငွေများရရှိခြင်း၊ ဗဟိုစာရင်းအင်း အဖွဲ့တွင် စာရင်းစစ်ကန့်ကွက်ချက်အရ ပြန်သွင်းငွေမှရရှိခြင်း၊ ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနတွင် တင်ဒါပုံစံရောင်းရငွေများ ပိုမိုရရှိခြင်း စသည်တို့ကြောင့် လျာထားချက်ထက် ပိုမိုရရှိခြင်းဖြစ်ပါသည်။

(ခ) **ငွေလုံးငွေရင်းရငွေ။** လျာထား ကျပ် ၁၉,၅၉၉.၀၃၇ သန်း၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၁၄,၃၀၀.၄၈၉ သန်း၊ အကောင်အထည်ဖော်နိုင်မှုရာခိုင်နှုန်း ၇၂.၉၇ ဖြစ်ပါသည်။

(ဂ) **ကြွေးမြီရငွေ။** လျာထား ကျပ် ၂၉,၉၅၃.၄၆၀ သန်း၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၂၄,၆၆၃.၉၃၅ သန်း၊ အကောင်အထည်ဖော်နိုင်မှုရာခိုင်နှုန်း ၈၂.၃၄ ဖြစ်ပါသည်။

**အသုံးစရိတ်**

၂။ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ (၃) လပတ်တွင် တိုင်းဒေသကြီး/ပြည်နယ်(၁၄)ခု၏ စုစုပေါင်းအသုံးစရိတ်ကို ကျပ် ၆၉၇,၄၂၄.၀၈၇ သန်း လျာထားခဲ့ရာ အကောင်အထည်ဖော်နိုင်မှုမှာ ကျပ် ၆၄၂,၈၄၂.၀၇၀ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်းအားဖြင့် ၉၂.၁၇ ဖြစ်ပါသည်။ လျာထားချက်ထက် လျော့နည်းသုံးစွဲရခြင်းမှာ အောက်ပါတို့ကြောင့်ဖြစ်ပါသည် -

(က) **သာမန်အသုံးစရိတ်။** လျာထား ကျပ် ၂၄၈,၆၉၉.၉၀၈ သန်း၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၂၄၄,၅၀၁.၄၈၀ သန်း၊ အကောင်အထည်ဖော်နိုင်မှုရာခိုင်နှုန်း ၉၈.၃၁ ဖြစ်ပါသည်။

(၁) <u>ကချင်ပြည်နယ်။</u> လျာထား ကျပ် ၁၄,၀၆၆.၆၄၂ သန်း၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၁၁,၂၁၅.၉၉၀ သန်း၊ အကောင်အထည် ဖော်နိုင်မှုရာခိုင်နှုန်း ၇၉.၇၃ ဖြစ်ပါသည်။ ပြည်နယ်တရားလွှတ်တော်ရုံးတွင် တရားသူကြီးများ သတ်မှတ် ခရီးစဉ်များ သွားရောက်နိုင်ခြင်းမရှိခြင်းနှင့် လက်အောက်ခံရုံးများမှ ဘဏ်ဆောင်ရွက်ခများ ပေးချေမှုမရှိခြင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင်

ဘဏ်ဆောင်ရွက်ခများ ပေးချေမှုမရှိခြင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် ပြည်နယ်/ခရိုင် မြို့နယ်နှင့် မြို့အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးအဆင့်ဆင့်တွင် လျှပ်စစ်ဓာတ်အားခများ လျော့နည်းခြင်းနှင့် ရုံးအသုံးအဆောင်ပစ္စည်းများ စိစစ်သုံးစွဲခြင်းနှင့် ညှော်ခံကျွေးမွေးစရိတ်တွင် အခမ်းအနားပြုလုပ်မှုနည်းပါးခြင်း၊ စိုက်ပျိုးရေးဦးစီးဌာနတွင်ဝန်ထမ်းများ ရာထူးတိုးဒေသပြောင်းရွှေ့သွားခြင်း၊ နုတ်ထွက်သွားခြင်း၊ ကုန်တင်ကုန်ချကော်မတီရုံးတွင် ဦးစီးအရာရှိ (၁) ဦး သာရှိသည့်အတွက် ခရီးစရိတ်သုံးစွဲမှုလျော့နည်းခြင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတွင် ဒုညွှန်မှူး (၁) ဦး ရုံးပြောင်းရွှေ့သွားခြင်း၊ ရုံးအသုံးအဆောင်ပစ္စည်းများ ၊ သယ်ယူပို့ဆောင်ခများအား စိစစ်၍သုံးစွဲခဲ့ခြင်း၊ တံဆိပ်ခေါင်း၊ ကြေးနန်း၊ တယ်လီဖုန်းခေါင်းစဉ်တွင် Internet Bandwidth မတပ်ဆင်နိုင်ခဲ့ခြင်း၊ ပြင်ဆင်ထိန်းသိမ်းစရိတ်များလျော့နည်း သုံးစွဲခြင်း၊ ပညာပေးသင်တန်းများဖွင့်လှစ်မှုနည်းပါးခဲ့ခြင်း၊ လက်ဆောင်ပေးခြင်းနှင့် အလှူဒါနခေါင်းစဉ်တွင် သုံးစွဲမှုလျော့နည်းခဲ့ခြင်းနှင့် ကျွေးမွေးစရိတ်ခေါင်းစဉ်တွင် အချိန်ပိုဆင်းသည့်အကြိမ်အရေအတွက်နည်းပါးခြင်း စသည်တို့ကြောင့် လျာထားးချက်ထက်လျော့နည်းသုံးစွဲရခြင်းဖြစ်ပါသည်။

(၂) <u>စစ်ကိုင်းတိုင်းဒေသကြီး။</u> လျာထား ကျပ် ၂၄,၆၀၈.၁၀၈ သန်း၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၂၁,၂၅၃.၄၁၁ သန်း၊ အကောင်အထည် ဖော်နိုင်မှုရာခိုင်နှုန်း ၈၆.၃၇ ဖြစ်ပါသည်။ တိုင်းဒေသကြီးအစိုးရအဖွဲ့တွင် နိုင်ငံခြားသို့ခရီးသွားလာမှုနည်းပါးခြင်း၊ ဆည်မြောင်းဦးစီးဌာနမှ ဆည်မြောင်း၊ တာတမံ လုပ်ငန်းများပြင်ဆင်ဆောင်ရွက်ဆဲဖြစ်၍ ငွေထုတ်ယူမှုနည်းပါးခြင်း၊ သဘာဝဘေးဖြစ်ပွားမှုမရှိသဖြင့် ကယ်ဆယ်ရေးအသုံးစရိတ်တွင် လျော့နည်းသုံးစွဲခြင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် အရာထမ်းများအတွက် လစာစရိတ်နှင့် ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးအတွက် စရိတ်များအားဖွဲ့စည်းပုံပြည့် လျာထားသော်လည်းဖွဲ့စည်းပုံပြည့်ခန့်ထားနိုင်မှုမရှိခြင်း၊ နယ်ပြောင်းရွှေ့ခြင်းများ နည်းပါးခြင်း၊ ပြည်ပခရီးသွားလာခြင်းများမရှိခြင်း၊ ရပ်ကွက်ကျေးရွာ အုပ်ချုပ်ရေးမှူးရုံးများအတွက်ရုံးအသုံးစရိတ်များ လျာထားသော်လည်း လစ်လပ်နေရာများ ခန့်ထားနိုင်မှု မရှိ ခြင်း၊ အချို့ရုံးများတွင် မီးအာမခံပေးဆောင်ရန် ဆောင်ရွက်ဆဲဖြစ်ခြင်း၊ မော်တော်

ယာဉ်နှင့် အဆောက်အဦများ ပြင်ဆင်ဆဲဖြစ်ခြင်း၊ သင်တန်းများဖွင့်လှစ်ရန် လျာထားသော်လည်း ဖွင့်လှစ်နိုင်မှုမရှိသေးခြင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနတွင် ရုံးချုပ်မှခေါ်ယူသည့်ခရီးစဉ်များ နည်းပါးခြင်း၊ ရုံးသစ် မဆောက်လုပ်ရသေးသည့်အတွက် ငှားရမ်းခ၊ သယ်ယူပို့ဆောင်ခနှင့် အခမ်းအနား များ ၊ သင်တန်းများမရှိသေးခြင်း၊ လမ်းဦးစီးဌာနတွင် တိုင်းအတွင်း ဝန်ထမ်းများ ၏ ရာထူးတိုး၊ အပြောင်းအရွှေ့များ ၊ လစာမဲ့ခွင့်တို့ကြောင့် အမှန်တကယ် ပေးချေရာတွင် လျော့နည်းရခြင်း၊ တိုင်းရုံး၊ နေပြည်တော် (ရုံးချုပ်)နှင့် ရန်ကုန် (သုဝဏ္ဏ) သင်တန်းသွားရောက်ခြင်းတို့အတွက် ခန့်မှန်းလျာထားခဲ့သော်လည်း အမှန်တကယ်သွားရသည့် အလုပ်တာဝန်များ လျော့နည်းခြင်း၊ ရုံးအသုံး အဆောင် ပစ္စည်းဝယ်ယူခြင်း၊ တယ်လီဖုန်းခနှင့် လျှပ်စစ်ဓာတ်အားခတို့အတွက် ခန့်မှန်း လျာထားခဲ့သော်လည်း အမှန်တကယ်ပေးချေရသည့် ကုန်ကျစရိတ် လျော့နည်း ခြင်း၊ ကုမ္ပဏီတင်ဒါလုပ်ငန်းများ အဆိုပြုရာတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့အား ခွင့်ပြုမိန့်များ တင်ထားဆဲဖြစ်ပြီး အသုံးစရိတ်များ ထုတ်ယူသုံးစွဲမှုမရှိခြင်း စသည်တို့ကြောင့် လျာထားချက်ထက် လျော့နည်းရခြင်းဖြစ်ပါသည်။

(ခ) ငွေလုံးငွေရင်းအသုံးစရိတ်။ လျာထား ကျပ် ၄၄၈,၇၂၄.၁၇၉ သန်း၊ အကောင်အထည် ဖော်နိုင်မှု ကျပ် ၃၉၈,၃၄၀.၅၉၀ သန်း၊ အကောင်အထည်ဖော်နိုင်မှုရာခိုင်နှုန်း ၈၈.၇၇ ဖြစ်ပါသည်။ လျာထားချက်ထက်လျော့နည်းရခြင်းမှာ-

(၁) <u>ကယားပြည်နယ်။</u> လျာထား ကျပ် ၁၃,၃၄၁.၃၉၉ သန်း၊ အကောင်အထည် ဖော်နိုင်မှု ကျပ် ၁၀,၇၉၂.၆၃၀ သန်း၊ အကောင်အထည်ဖော်နိုင်မှုရာခိုင်နှုန်း ၈၀.၉၀ ဖြစ်ပါသည်။ ပြည်နယ်ဘဏ္ဍာ ရန်ပုံငွေတွင် ပါဝင်သောဌာန၊ အဖွဲ့အစည်း များတွင် တည်ဆောက်ရေးလုပ်ငန်းများအတွက် တင်ဒါခေါ်ယူဆောင်ရွက်ပြီးဖြစ် သော်လည်း ငွေထုတ်ယူသုံးစွဲမှုမရှိသေးခြင်း၊ ရုံးသုံးစက်ကိရိယာများနှင့် ပရိဘောဂများ ဝယ်ယူရန်အတွက် တင်ဒါခေါ်ယူဆောင်ရွက်ဆဲဖြစ်ခြင်း၊ တင်ဒါ အောင်မြင်သော ကုမ္ပဏီများမှ လုပ်ငန်းပြီးစီးမှုအလိုက် ငွေတောင်းခံမှုမရှိခြင်း စသည်တို့ကြောင့် လျာထားချက်ထက်လျော့နည်းသုံးစွဲရခြင်း ဖြစ်ပါသည်။

(၂) <u>စစ်ကိုင်းတိုင်းဒေသကြီး။</u> လျာထား ကျပ် ၄၉,၉၀၄.၆၃၄ သန်း၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၁၉,၀၅၉.၃၄၉ သန်း၊ အကောင်အထည်ဖော်နိုင်မှု ရာခိုင်နှုန်း ၃၈.၁၉ ဖြစ်ပါသည်။ တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေတွင်ပါဝင်သော ဌာန၊အဖွဲ့အစည်းများ၏ ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ဆောင်ရွက်သည့် အချို့လုပ်ငန်းများဆောင်ရွက်ဆဲဖြစ်ခြင်း၊အချို့လုပ်ငန်းများတင်ဒါခေါ်ယူဆောင်ရွက်ဆဲဖြစ်ခြင်းတို့ကြောင့် လျာထားချက်ထက် လျော့နည်းရခြင်းဖြစ်ပါသည်။

(၂) <u>မကွေးတိုင်းဒေသကြီး။</u> လျာထား ကျပ် ၃၄,၆၂၉.၅၄၀ သန်း၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၁၈,၅၉၂.၇၂၄ သန်း၊ အကောင်အထည်ဖော်နိုင်မှု ရာခိုင်နှုန်း ၅၃.၆၉ ဖြစ်ပါသည်။ တိုင်းဒေသကြီးအစိုးရအဖွဲ့တွင် လုပ်ငန်းများ စတင်အကောင်အထည်ဖော် ဆောင်ရွက်နေသော်လည်း အချို့လုပ်ငန်းများမှာ တင်ဒါခေါ်ယူ ဆောင်ရွက်ဆဲဖြစ်ခြင်း၊ လုပ်ငန်းပြီးစီးမှုအလိုက် ငွေထုတ်ယူမှု မရှိခြင်း၊ လုပ်ငန်းပြောင်းလဲဆောင်ရွက်ရန် တင်ပြထားဆဲဖြစ်ခြင်း၊ မော်တော်ယာဉ် အကြီးစား ပြုပြင်ရန်လျာထားခဲ့သော်လည်း ပြင်ဆင်မှုမရှိခြင်း၊ တိုင်းဒေသကြီး လွှတ်တော်ရုံးတွင် External work လုပ်ငန်းများ၊ အုတ်တံတိုင်းခြံစည်းရိုး ကာရံခြင်း၊ Air-con system မြှင့်တင်ခြင်းလုပ်ငန်းများမှာ ဆောင်ရွက်ဆဲဖြစ်ခြင်း၊ စာရင်းစစ်ရုံးတွင် ဝန်ထမ်းအိမ်ရာတည်ဆောက်ခြင်းလုပ်ငန်းအတွက် ငွေထုတ်ယူမှုမရှိသေးခြင်း၊ မော်တော်ယာဉ်တစ်စီးဝယ်ယူရန်အတွက် တင်ပြထားဆဲဖြစ်ခြင်း၊ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနတွင် တည်ဆောက်ရေးလုပ်ငန်းများ ဈေးနှုန်း အတည်ပြုချက်ရရန် ဆောင်ရွက်ဆဲဖြစ်ခြင်း၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန တွင် ရုံးသုံးစက်ကိရိယာ၊ ပရိဘောဂ၊ ယာဉ်များ ၊ အခြားရုံးသုံးပစ္စည်းများ ဝယ်ယူရန်တင်ပြထားဆဲဖြစ်ခြင်း၊ မီးသတ်ဦးစီးဌာနတွင် ဒုတိယ(၃) လပတ်၌ သုံးစွဲရန် လျာထားသော စက်ကိရိယာ အသုံးစရိတ်များအား ပထမ(၃) လပတ်တွင် သုံးစွဲခဲ့ခြင်း၊ စိုက်ပျိုးရေးဦးစီးဌာနတွင်စပါးအခြောက်ခံစက်ဝယ်ယူရန် တင်ပြထားဆဲ ဖြစ်ခြင်း၊ ငါးလုပ်ငန်းဦးစီးဌာနတွင် လုပ်ငန်းများအတွက် တင်ဒါစိစစ်ဆောင်ရွက် နေဆဲဖြစ်ခြင်း၊မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနတွင် ပျားပုံးများဝယ်ယူရန်အတွက် တင်ဒါခေါ်ယူနေဆဲဖြစ်ခြင်းနှင့် မြို့နယ်(၅) မြို့နယ်တွင် ရုံးနှင့်ခြံစည်းရိုး ပြင်ရန် လျာထားခဲ့သော်လည်း မြို့နယ်(၂) မြို့နယ်သာ ပြင်ဆင်ရသေးခြင်း၊ သမဝါယမ

ဦးစီးဌာနတွင် သင်တန်းကျောင်းစားဖိုဆောင် ဆောက်လုပ်ခြင်း၌ လျာထားချက် ပြည့်မီအောင် မဆောင်ရွက်နိုင်ခြင်း၊ ရုံးသုံးစက်ကိရိယာများဝယ်ယူရန် တင်ပြထားဆဲဖြစ်ခြင်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတွင် ဆောက်လုပ်ရေး လုပ်ငန်းများအတွက် ကုမ္ပဏီသို့ငွေပေးချေရန် တင်ပြထားဆဲဖြစ်ခြင်း၊ အပူပိုင်း ဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနတွင် ဆောက်လုပ်ရေးလုပ်ငန်းများနှင့် ရုံးသုံး စက်ကိရိယာများအတွက် ဈေးနှုန်းများစိစစ်နေဆဲဖြစ်ခြင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်း ရေးဦးစီးဌာနတွင် တည်ဆောက်ရေးလုပ်ငန်းများအတွက် တင်ဒါခေါ်ယူ ဆောင်ရွက် နိုင်မှုမရှိခြင်း၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း ၊ အားကစားနှင့် ကာယပညာ ဦးစီးဌာန၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာနနှင့် စည်ပင်သာယာရေးအဖွဲ့တို့တွင် တင်ဒါ လုပ်ငန်းစဉ်များ ဆောင်ရွက်ဆဲဖြစ်ပြီး လုပ်ငန်းများမဆောင်ရွက်ရသေးခြင်း၊ ရသုံး မှန်းခြေငွေစာရင်းဦးစီးဌာနတွင်ရုံးသုံးစက်ကိရိယာများဝယ်ယူရာ၌ ဈေးနှုန်းအဆိုပြု လွှာများ တောင်းခံထားဆဲဖြစ်ခြင်း ၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနသည် ဝန်ထမ်းအိမ်ရာများ စတင်ဆောက်လုပ်ချိန် နောက်ကျပြီး လုပ်ငန်းပြီးစီးမှု ၂၅ % မရှိသေးခြင်း၊ အခြေခံအဆောက်အအုံလုပ်ငန်းများမှာလည်း တင်ဒါခေါ်ယူ ဆောင်ရွက်နိုင်မှု မရှိသေးခြင်းနှင့် အရည်အသွေးစစ်ဆေးရေး ကော်မတီစရိတ်မှာ လုပ်ငန်းပြီးစီးမှု ၅၀ % မရှိသေးခြင်း၊ လမ်းဦးစီးဌာနသည် လမ်းဒီဇိုင်းလွှာ ပြောင်းလဲခြင်း၊ လမ်းလုပ်ငန်းမိုင်တိုင်များပြောင်းလဲဆောင်ရွက်ရန် ခွင့်ပြုမိန့်များ မရရှိသေးခြင်း စသည်တို့ကြောင့် လျာထားချက်ထက် လျော့နည်းရခြင်းဖြစ် ပါသည်။

## သုံးသပ်တင်ပြချက်

၃။ (က) တိုင်းဒေသကြီး/ပြည်နယ်များအနေဖြင့် ရငွေပိုင်းတွင် သာမန်ရငွေနှင့် အခွန်အကောက် ရငွေများပိုမိုရရှိခဲ့ပါသည်။ ထိုသို့ပိုမိုရရှိခြင်းမှာ အခွန်အကောက်ရငွေတွင် အစိုးရအဖွဲ့၊ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊သစ်တောဦးစီးဌာနနှင့် စည်ပင်သာယာရေးအဖွဲ့တို့တွင် အခွန်အကောက်ရငွေများ ပိုမိုရရှိခြင်း၊ သာမန်ရငွေတွင် တင်ဒါလျှောက်လွှာရောင်းချရငွေ ၊ ဆိုင်ကယ်စီမံချက် ရငွေနှင့်ဒဏ်ကြေးရငွေများ၊ လျှပ်စစ်ဓာတ်အားခရငွေ၊ စာရင်းစစ် ကန့်ကွက်ချက်ရငွေ၊ ဆိုင်ခန်းငှားရမ်းခရငွေများ၊ ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေး၊ လိုင်စင်ကြေးနှင့် သက်တမ်းတိုးမြှင့်ခြင်းများ၊ လစာပိုထုတ်မိငွေများ ပြန်သွင်းခြင်း တို့ကြောင့် ပိုမိုရရှိခြင်း၊ အထပ်မြင့်အဆောက်အဦစစ်ဆေးခရငွေများ၊ မကွေးတိုင်း

ဒေသကြီးတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့သည် ရေနံစိမ်းခွန် ၊ ပြည်ထောင်စုမှ ထောက်ပံ့သည့် အခွန်ဝေစု၊ အပိုတံဆိပ်ခေါင်းခွန်၊ ရေနံသယ်ဆောင်ခရငွေနှင့် တိရစ္ဆာန် သယ်ဆောင်ခရငွေများပိုမိုရရှိခြင်း၊ မျောစာခွန်၊ သစ်တောမှု ၊ လျှော်ကြေး၊ သစ်စက်လိုင်စင်ကြေးများ ပိုမိုရရှိခြင်း၊ ကျောက်ထုတ်လုပ်မှုတွင် ကျောက်ကျင်းအလိုက် ရငွေများ၊ ဆင်မှတ်ပုံတင် သက်တမ်းတိုးခြင်းမှရငွေများ၊ သစ်စက် လိုင်စင်အသစ်ခွင့်ပြု ခြင်းနှင့် သက်တမ်းတိုးခြင်းမှရငွေများ၊ အရောင်းဆိုင်ခွင့်ပြုမိန့် အသစ်ခွင့်ပြုခြင်းနှင့် သက်တမ်းတိုးခြင်းမှရငွေများ စသည်တို့ပိုမိုရရှိခြင်းတို့ကြောင့် လျာထားချက်ထက်ပိုမိုရခြင်း ဖြစ်ပါသည်။

(ခ) အသုံးစရိတ်ပိုင်းအနေဖြင့် တိုင်းဒေသကြီး/ ပြည်နယ်များရှိ ဌာန၊ အဖွဲ့အစည်းများသည် သတ်မှတ်ခရီးစဉ်များ သွားရောက်နိုင်ခြင်းမရှိခြင်း ၊တံဆိပ်ခေါင်း၊ ကြေးနန်း၊ တယ်လီဖုန်း ခေါင်းစဉ်တွင် Internet Bandwidth မတပ်ဆင်နိုင်ခဲ့ခြင်း၊ ပြင်ဆင်ထိန်းသိမ်းစရိတ်များ လျော့နည်းသုံးစွဲခြင်း၊ ပညာပေးသင်တန်းများဖွင့်လှစ်မှုနည်းပါးခဲ့ခြင်း၊ လက်ဆောင်ပေးခြင်း နှင့် အလှူဒါနခေါင်းစဉ်တွင် သုံးစွဲမှုလျော့နည်းခဲ့ခြင်း၊ ဆည်မြောင်းဦးစီးဌာနမှ ဆည်၊ မြောင်း၊ တာတမံလုပ်ငန်းများ ပြင်ဆင်ဆောင်ရွက်ဆဲဖြစ်၍ ငွေထုတ်ယူမှုနည်းပါးခြင်း၊ သဘာဝဘေးဖြစ်ပွားမှုမရှိသဖြင့် ကယ်ဆယ်ရေးအသုံးစရိတ်တွင် လျော့နည်းသုံးစွဲခြင်း၊ သင်တန်းများဖွင့်လှစ်ရန် လျာထားသော်လည်း ဖွင့်လှစ်နိုင်မှုမရှိသေးခြင်း၊ ငွေလုံးငွေရင်း အသုံးစရိတ်တွင် တည်ဆောက်ရေးလုပ်ငန်းများအတွက် တင်ဒါခေါ်ယူဆောင်ရွက်ပြီးဖြစ် သော်လည်း ငွေထုတ်ယူသုံးစွဲမှုမရှိသေးခြင်း၊ ရုံးသုံးစက်ကိရိယာများနှင့် ပရိဘောဂများ ဝယ်ယူရန်အတွက် တင်ဒါခေါ်ယူဆောင်ရွက်ဆဲဖြစ်ခြင်း၊ တင်ဒါအောင်မြင်သော ကုမ္ပဏီ များမှ လုပ်ငန်းပြီးစီးမှုအလိုက် ငွေတောင်းခံမှုမရှိခြင်းစသည်တို့ကြောင့် လျာထားချက်ထက် လျော့နည်းသုံးစွဲခဲ့ရခြင်းဖြစ်ပါသည်။

(ဂ) တိုင်းဒေသကြီး/ပြည်နယ်များတွင် ဒုတိယ(၃) လပတ်၌ ရငွေပိုင်းတွင် လျာထားချက် ထက်ပိုမို အကောင်အထည်ဖော်ဆောင်ရွက်နိုင်သော်လည်း အသုံးစရိတ်ပိုင်းတွင် သာမန် အသုံးစရိတ်၌ ခရီးစရိတ်၊ ပြင်ဆင်ထိန်းသိမ်းစရိတ်များ လျော့နည်းသုံးစွဲခဲ့ပြီး ငွေလုံးငွေရင်း အသုံးစရိတ်ပိုင်း၌ လုပ်ငန်းများဆောင်ရွက်ရန် တင်ဒါခေါ်ယူဆဲဖြစ်ခြင်း၊ လုပ်ငန်းပြီးစီးမှု လျာထားသည့် ရာခိုင်နှုန်းအတိုင်း ထုတ်ယူသုံးစွဲမှုမရှိခြင်းတို့ကို စိစစ် တွေ့ရှိရပါသဖြင့် လျာထားချက်နှင့်ပိုမိုနီးစပ်လာစေရန် ဆောင်ရွက်သင့်ပါကြောင်း၊ (၃) လပတ်

အလိုက် လျာထားချက်များကိုနီးစပ်အောင် ထိန်းသိမ်းအကောင်အထည် ဖော်နိုင်မှသာ (၆) လပတ် စာရင်းများတွင်လည်း မူလလျာထားချက်နှင့် အမှန်အကောင် အထည်ဖော်နိုင်မှုကို ထပ်တူထပ်မျှဖြစ်သည်အထိ နီးစပ်လာစေမှာဖြစ်၍ ဌာန ၊ အဖွဲ့အစည်းများအနေဖြင့် မိမိတို့အား ခွင့်ပြုပေးထားသော အသုံးစရိတ်ရန်ပုံငွေများအား အချိန်မီသုံးစွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှသာ fiscal decentralization လုပ်ငန်းစဉ် ပိုမိုအားကောင်းလာမှာ ဖြစ်ပါကြောင်းသုံးသပ်တင်ပြအပ်ပါသည်။